# ၁၉၅၉ ခုနှစ်၊ မြေခွန်တော် (ရုပ်သိမ်းခြင်း) အက်ဥပဒေ။*

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မြေခွန်တော် (ရုပ်သိမ်းခြင်း) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ (၁) ၁၉၅၅ ခုနှစ်၊ မြေခွန်တော်အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉) ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၅၅ ခုနှစ်၊ မြေခွန်တော်အက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျ စကားရပ်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သော၊ မြေခွန်တော်နှင့်စပ်လျဉ်းသည့် အခြားတည်ဆဲတရားဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ ပြန်လည်တည်ရှိရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊
ပါဝိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်၊

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်၊ စာမျက်နှာ - ၁၈၉၈။*